ထုံးဘိုကျေးရွာ
ထုံးဘိုအုပ်စု
ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ထုံးဘိုကျေးရွာသည် မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်၏အရှေ့ဘက်၊ မန္တလေး-လားရှိုးကားလမ်းမဘေးတဖက်တချက်တွင် တည်ရှိသည်။ ကျေးရွာသည် တောင်ပေါ်ဒေသ တွင်တည်ရှိပြီး သမပိုင်းနုံတွင်ပါဝင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၆၀)ခန့် ရရှိသည်။ကျေးရွာအနီးတွင်သစ်တောအနည်းငယ် သဘာဝပေါက်ပင် များမှာ ဝါး သက်ရှည်ပင်၊ယင်းငူ၊ထောက်ကြံ့၊ သပြေ နှင့် အခြား အပင်အနည်းငယ်သာ ပေါက်ရောက်သည်။ မိုးရာသီတွင် စိုက်ပျိုးနိုင်သော လယ်ယာမြေ (၅၀)ဧက ခန့်သာရှိသည်။ ကျေးရွာအနီးတွင် ဂယ်လောင်းချောင်းရှိသော်လည်းသွယ်ယူအသုံးမပြုနိုင်၍ မိုးရာသီတွင်သာအားကိုး စိုက်ပျိုးကြရသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်း ဆောင်ရွက် ကြပါသည်။ ကျေးရွာမှစုပေါင်း၍ ရပ်မိ/ရပ်ဖ သာရေး/နာရေး လူမှုကူညီရေး အဖွဲ့တစ်ဖွဲ့ သာရှိပြီးမှ တစ်ရွာလုံး၏ သာရေး /နာရေး ကိစ္စရပ်များကိုဝိုင်းဝန်း ကူညီဆောင်ရွက်ပေးသည်။ ကျေးရွာတွင် သာရေး နာရေးလူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် ခြံငုံ၍သုံးသပ်ရလျှင် သာရေး နာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသောအဖွဲ့အစည်းများကအားကောင်းကြပြီးကျေးရွာဖွံ့ဖြိုးရေးကိုစီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့်အဖွဲ့အစည်းစနစ် မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ်ပြောင်းနှင့်စပါးကို စိုက်ပျိုး နိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် စပါး၊ မြေပဲ ပြောင်းနှင့်ဂျုံ၊ပန်း ဖြစ်၍ မိုးရာသီတွင် ပဲနှင့်ပန်း များကိုလည်း စိုက်ပျိုးကြသည်။ ကျေးရွာတွင် ပြောင်းစိုက်ပျိုးမြေ ဧက (၁၅)ခန့်ရှိပြီး ဂျုံ တို့ကိုလည်း သီးထပ် အဖြစ် စိုက်ပျိုးကြသည်။ ပြောင်း၊မြေပဲကို တန်ခူးလတွင် စတင်စိုက်ပျိုးလေ့ရှိပြီး တော်တလင်း လ တွင် ရိတ်သိမ်းကြသည်။ ပြောင်းအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ ၅၀၀ ပိဿာမှ ၆၀၀ ပိဿာထိ ဖြစ်သည်။

ပန်း၊ပဲသီး၊မုန်ညင်းနှင့် အခြားဟင်းသီး/ဟင်းရွက်များကိုလည်း စိုက်ပျိုးကြပြီး စိုက်ပျိုးရေ မရရှိ သောကြောင့်သီးထပ် စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်းနည်းသည်။ သို့သော် ရေသွယ် စိုက်ပျိုးရန် ရင်းနှီးငွေ မရှိခြင်းကြောင့် သီးနှံ စိုက်ပျိုးမှုတွင်တစ်နှစ် နှစ်သီးသာစိုက်ပျိုးနိုင်သည်။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှနို့စားနွား ၂၀၀ ကောင်ခန့်သာမွေးမြူ ကြပြီး အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်မှုနည်းသည်ကို တွေ့ရပါသည်။ (အိမ်ထောင်စု ဇယားအချက်အလက်များ ရရှိလျှင် ကိန်းဂဏန်းအချက်အလက်နှင့်တကွ ပိုမို ပြည့်စုံ အောင်ရေးနိုင်ပါမည်။)

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ရန် အဝီစိ ရေတွင်း အိမ်တိုင်းနီးပါးတူးဖော်၍သုံးစွဲကြသည်ကိုတွေ့ရပြီး သောက်သုံးရေအခက်ခဲမရှိသော်လည်း ထုံးဓါတ်ပါဝင်မှုများသည်ကိုတွေ့ရသည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းကိုမူ (၂)မိုင် ခန့်ဝေးသော ရေငယ်ကျေးရွာတွင် သွား၍တက်ရောက်ကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှု အတွက် နောင်လုံးကျေးရွာရှိ ကျေးလက် ဆေးပေးခန်း မှ ရရှိပါသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီကို (၂၀၁၅) နှစ်တွင် ကိုယ်ထူကိုယ်ထမီးလင်းရေး ဆောင်ရွက်ရန်ဖွဲ့စည်းခဲ့သည်။ ကျေးရွာအိမ်ထောင်စုများမှစရိတ် ထည့်ဝင်ပြီး မြို့နယ်လျှပ်စစ် ဌာနသို့ တင်ပြ၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုအခါ ကျေးရွာ အိမ်ထောင်စုများသည်မိမိတို့စေတနာအလျောက်သတ်မှတ်ထည့်ဝင်ရန် သဘောတူထားသော ငွေကြေး ကိုပြည့်မီအောင် ထည့်ဝင်နိုင်ခြင်းမရှိသေးသောအိမ်များမှာ လျှပ်စစ်မီးကြိုးများလိုင်းဆွဲ သွယ်တန်း နိုင်ရန်အခက်အခဲရှိနေပါသည်။ လက်ရှိမီးအသုံးပြုမှုတွင် မီးမကြာခဏပျက်ခြင်း၊ မီးအားမပြည့်မီ၍ ကောင်းစွာ လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိသည်ကိုလည်းတွေ့ရသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် သမဝါယမအသင်းမှအတိုး (၂.၅%) ကျပ်နှုန်းဖြင့် ငွေထုတ် ချေးပါသည်။ အခြားအသေးစား ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာမှာချေးယူခြင်း မရှိပါ။ (အဖွဲ့ အမည်နှင့်ဘယ်လောက်ပမာဏအထိရနိုင်သည်ကို ရေးနိုင်လျှင်ပိုကောင်းမည်။) တောင်သူလယ်သမား များ သာမကဘဲ အခြားအသေးစား စီးပွားရေးလုပ်ငန်းများထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ အရောင်း အဝယ်) ချေးငွေဝန်ဆောင်မှုများလိုအပ်ပါ သည်။

(င) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်

များ ဖြင့်ဘွဲ့ရသူ အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းသာ ရှိပြီး အလယ်တန်းနှင့် အထက်တန်းကို ကျေးရွာအနီး ရေငယ်ကျေးရွာသို့သွား၍ တက်ရောက်ကြရသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများလက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်း အတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိသလောက် နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၁)မိုင်ကွယ်ဝေးသောနောင်လုံး ကျေးရွာ ကျေးလက် ကျန်းမာရေးဆေးပေးခန်းမှရရှိကြသည်။ ဆေးပေးခန်းတွင် ကျန်းမာရေး ဝန်ထမ်း(၁)ဦးသာရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုရရှိသော်လည်းအချိန်မှီနှင့်အလွယ်တကူမရရှိကြပါ။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်ခါတ်မြေဩဇာများနှင့်ပိုးသတ်ဆေးဗူးများအများအပြားသုံးစွဲလာပြီးစနစ်တကျ စွန့်ပစ်မှုမရှိခြင်းတို့ကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် အားနည်းပြီး ထိခိုက်လွယ်မှုမြင့်လာခြင်း၊ ကျေးရွာအနီး သစ်တောများအား မြေကွက်များရိုက်ရန် ခုတ်လှဲခြင်းများကြောင့် သစ်တောများမရှိတော့ဘဲ ပြုန်းတီး ကာရာသီဥတုကို များစွာထိခိုက်စေသည် ကိုတွေ့ရသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများ သည် ပေါင်းနှုတ်ခြင်း၊ ကောက် စိုက်ခြင်း၊ အမျိုးသားများ သည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်း အမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော် များတွင် အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်း ဆောင်ရွက် ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည်အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	စိုက်ပျိုးရေး	မိုးရေလှောင်ကန်တည်ဆောက်ခြင်း	၈
		ရေပန်းစနစ်တပ်ဆင်ခြင်း	၈
		စိုက်ပျိုးမြေချဲ့ထွင်ခြင်း	၅
		လယ်ယာမြေဥပဒေသင်တန်း	၅
		မျိုးကောင်းမျိုးသန့်ရရှိရေး	၇
		နှစ်ရှည်ပင်စိုက်ပျိုးခြင်း	၇
		လယ်ယာသုံးစက်ကိရိယာအရစ်ကျရောင်းချခြင်း	၇
		စံပြကွက်ထူထောင်ခြင်း/လေ့လာရေးခရီး	၆
		မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း	၆
၂	အခြေခံအဆောက်အဦ	ရွာတွင်းလမ်း/ရွာချင်းဆက်လမ်းပြုပြင်ခြင်း	၁
		ကုန်ထုတ်လမ်းပြုပြင်ခြင်း	၁
၃	ကျန်းမာရေး	ဆေးခန်းသစ်ဆောက်လုပ်ခြင်း	၄
		ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ	၄
		အရံသားဖွားသင်တန်း	၄
		အခြေခံလုပ်သားသင်တန်း	၄
၄	လူငယ်နှင့်အားကစား	ခေတ်မှီစာကြည့်တိုက်ထူထောင်ခြင်း	၃
		အမျိုးသမီးအကြမ်းဖက်မှုဥပဒေသင်တန်း	၃
၅	သောက်ရေနှင့်သန့်ရှင်းရေး	ကျေးရွာသောက်ရေသန့်ရရှိရေး	၂